မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F __ Volume 10/Issue 12 /December/2017




## Jesus Christ is the reason for the holiday season!

# December

## 2017, December Events

Merry Christmas



Happy New Year

12/ 03/ 2017 ... Holy Communion Sunday
B.C.F. Official Board Meeting

12/ 10/ 2017 ... Regular Sunday Worship Service
B.C.F. Election Day

12/ 17/ 2017 ... Regular Sunday Worship Service

12/ 24/ 2017 ... Regular Sunday Worship Service

12/ 25/ 2017 ... Christmas Cantata

Every Worship Service on Sunday 2:00PM
at
1337 Farmstead Ave, La Puente, CA 91745

New Year Eve Midnight Service 12/ 31/ 2017/ Sunday 11:00PM at BCF Church

# B.C. F.

## Christmas Cantata

## Presents

## The Christmas True Story



## Make a Joyful Noise

# Join Us

**December 25, 2017**

**Monday 2:00 PM**

**1337 Farmstead Ave.**

**La Puente , CA 91745**



# B.C.F.

## New Year's Eve

## Watch Night Service

**at**

**1337 Farmstead Ave.**

**La Puente, CA 91745**




## B.C.F. cordially invites you and your family to this Special Night

# Join Us

**Sunday December 31, 2017**

**9:00 PM..Fellowship & Playing Games**

**11:30 PM...New Year's Eve Service**

**12:00 PM.. New Year Celebration**

# သတင်းကောင်း

# ကြောက်ရွံ့ခြင်းမရှိကြနှင့်



**ယေရှုခရစ်တော်သည် သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ချိုးဖျက်ဆီးခြင်း၊ သေဘေးကိုကြောက်၍ တသက်လုံးကျွန်ခံရသောသူတို့ကို ကယ်လွှတ်ခြင်း အလို့ငှါ ကလေးသူငယ်တို့နည်းတူ အသွေးအသားကို ဆောင်ယူ၍ လူ့ဇာတိခံယူကာ ဖွားမြင်တော်မူခဲ့၏။**

လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်(၂၀၀၀)ကျော်က လောကကြီးသည် ကြောက်ရွံ့မှုများနှင့် ပြည့်နှက်နေချိန် ဖြစ်၏။

ရောမအစိုးရသည် သူပုန်များကို ကြောက်နေရပါ၏။ ရောမလက်အောက်ခံများကလည်း ရောမအစိုးရကို ကြောက်နေရ၏။ ဇဒ္ဒုကဲများက ဖါရိရှဲများကို ကြောက်နေရပြီး၊ သူတို့နှစ်မျိုးလုံးက အခွန်ခံကို ကြောက်နေကြရ၏။ နေရာတိုင်း၌ လူများသည် သံသယစိတ်ဝင်ကာ ကြောက်နေကြပါသည်။ သို့ရာတွင်၊ ယေရှုခရစ်တော် ဖွားမြင်တော်မူခြင်းသည် လောကီသားတို့ကို ဒုစရိုက်အပြစ်သားဘဝမှကယ်တင်ပြီး၊ ကြောက်ရွံ့ခြင်းစိတ်ချုပ်ငြိမ်း၍ ငြိမ်သက်ခြင်းရှိစေရန်အတွက် ဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင်လည်း ကြောက်မက်ဖွယ်ရာဒုက္ခ ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည်။ ကျွန်ုပ်တို့များသည် အစားသတိ၊ အသွားသတိ၊ အအိပ်သတိနှင့် အလုံးစုံကို ကြောက်နေရကြ၏။ ကျွန်ုပ်တို့ အမှန်ကြောက်သင့်သည်မှာ ထာဝရဘုရားသခင် တစ်ပါးတည်းကိုသာလျှင် ဖြစ်ပါသည်။ သို့ပေမဲ့လည်း၊ ယေရှုခရစ်တော် ဖွားမြင်တော်မူရခြင်းသည် သူမှတဆင့်၊ သူ့အားဖြင့် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်မှုကို ရရှိစေ၍ ကြောက်ရွံ့ခြင်းကင်းလျက် ရိုသေလေးမြတ်စွာဖြင့် အထံတော်ပါး၌ နာမ်ဝိညာဉ်နှင့်ငင်း၊ သစ္စာနှင့်ငင်း၊ ကိုးကွယ်ခွင့်ကို ရရှိစေခဲ့သည်။

လူ့ဘဝအသက်တာ တစ်လျှောက်လုံး၌၊ ပျက်စီးဆုံးရှုံးခြင်းသည် ပုံသဏ္ဍာန် အမျိုးမျိုးကို ဆောင်၍ အချိန်ခါမရွေး ဝင်ရောက်လာတတ်သဖြင့် ထိုအရာက ကြောက်ရွံ့ခြင်းစိတ်ကို လှုံ့ဆော်နေ၏။ ကျန်းမာရေးချို့တဲ့ခြင်း၊ မျှော်လင့်ချက်ပျက်ပြယ်သွားခြင်း၊ စီးပွါးရေးကျဆင်းခြင်း၊ ဂုဏ်သရေနိမ့်ကျခြင်း၊ ငွေကြေးဆုံးရှုံးခြင်း၊ သားသမီးများပျက်စီးခြင်း၊ စသည့် ဆုံးရှုံးမှုများကို နာကျင်စွာခံစားကြရသည့်အပြင်– မိသားစုများ၊ ချစ်ခင်ရသူမိတ်ဆွေများ၊ အားကိုးမြတ်နိုးတွယ်တာရသူများတို့ကို ဆုံးရှုံးရမည့်အရေးကိုလည်း ပူပန်ကြောက်ရွံ့နေကြရသည်။

ခရစ္စမတ်နေ့တွင်၊ ကောင်းကင်တမန်က **"ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာသိတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။ ယနေ့တွင်၊ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့အလို့ငှါ ဘွားမြင်ခြင်းကို ခံတော်မူပြီ။"** ဟုကြွေးကြော်ခဲ့၏။ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာ ဘွားမြင်ခဲ့၏။

ကျွန်ုပ်တို့ ဘာတွေကို တွေးကြောက်ပူပန်နေကြသလဲ။ မသေချာမရေရာတဲ့အနာဂါတ်ကို ကြောက်နေတာလား။ ကျွန်ုပ်တို့ထမ်းနေရတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကြောင့်လား။ သေခြင်းကိုကြောက်နေတာလား။ ဤကြောက်ရွံ့မှုတွေကို အောင်မြင်မှုပေးနိုင်သူမှာ ကောင်းကင်ဘုံ၌ငင်း၊ မြေကြီးပေါ်၌ငင်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှတို့ကို ရရှိထားသည့် ဘုရားသခင်၏ တစ်ပါးတည်းသော သားတော် 'ယေရှုခရစ်တော်'ပင်ဖြစ်သည်။

ယေရှုခရစ်တော်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသူ။

ယေရှုခရစ်တော်သည် လူအပေါင်းတို့အား အလင်းကိုပေးသောသူ၊

ယေရှုခရစ်တော်သည် မြေကြီးစွန်းတိုင်အောင်အစိုးရ၍၊ ရန်ငြိမ်းခြင်းကိုဖြစ်စေသူ၊

ယေရှုခရစ်တော်သည် သေခြင်းကိုပင် အောင်မြင်၍ အသက်ရှင်သူ၊

ယေရှုခရစ်တော်သည် လမ်းခရီး၊ သမ္မာတရား၊ အသက်၊ ဖြစ်တော်မူသည် သာမက ယေရှုခရစ်တော်သည် သေမင်း၏အရိပ်အောက်တွင် ရှိနေကြသောသူအပေါင်းတို့ကို ကယ်တင်ပိုင်သောအရှင်၊ အပြစ်မှကယ်ချွတ်ပိုင်သော သခင်ဘုရား ဖြစ်ကြောင်းကို ယုံကြည်ပါ။ .. လက်ခံကြပါ။

ကောင်းကင်တမန် ပြောကြားခဲ့သည့်အတိုင်း ကြောက်ရွံ့ခြင်းမရှိကြနှင့်။ မကြောက်နှင့်။ "လူအပေါင်းတို့အတွက် အလွန်ဝမ်းမြောက်ဝမ်းသာစရာ သိတင်းမှာ ... ... ကယ်တင်ရှင် မေရှိယသခင်သည် ဒါဝိဒ်၏မြို့တည်းဟူသော ဗက်လင်မြို့တွင် ဖွားမြင်တော်မူခဲ့ကြောင်း" .. ပင်ဖြစ်သည်။

ဤစကားသည် လူနည်းစုအတွက် သာမဟုတ်၊ လူသားအားလုံးအတွက် သတင်းကောင်း ဖြစ်၏။ ဤသတင်းကောင်း အားဖြင့် ... ...

ကြောက်ရွံ့ခြင်း အစား .. ရဲရင့်ခြင်း၊ မုန်းတီးခြင်း အစား .. ချစ်ခြင်းမေတ္တာ၊

လောဘ အစား .. ကျေးဇူးပြုခြင်း၊ ချည်နှောင်ခြင်း အစား .. လွတ်မြောက်ခြင်း၊

အပြစ်တင်ခြင်း အစား .. ခွင့်လွှတ်ခြင်း၊ မောက်မာခြင်း အစား .. နှိမ့်ချခြင်း၊ အစရှိသည်တို့ဖြင့် အသက်တာကို ပြုပြင်ပြောင်းလဲစေခဲ့၏။

ဤသတင်းကောင်းကြောင့် ကမ္ဘာသူကမ္ဘာသားများ သစ်လွင်သောအမြင်ကိုရရှိလျက်၊ ကြောက်ရွံ့ခြင်းနှင့်ကင်းဝေး၍၊ ရွှင်လန်းခြင်းနှင့်အတူ အတွေးသစ်၊ အမြင်သစ်ဖြင့် ဘဝသစ်ကိုရရှိပြီး၊ ... ...

ဝမ်းနည်းခြင်းမှ .. ဝမ်းမြောက်ခြင်းသို့ ကူးပြောင်းရ၏။

စိတ်ဝမ်းကွဲပြားမုန်းတီးမှုမှ .. မိတ်သဟာယဖွဲ့ချစ်ခင်လျက်၊

စိတ်ပျက်အားလျော့ခြင်းမှ .. မျှော်လင့်ခြင်းဖြင့် စိတ်ချစွာ ပြန်လည် ဦးမော့လာနိုင်ခဲ့ပြီ။

သခင်ယေရှုခရစ်တော် အားဖြင့် ကယ်လွှတ်ပြုပြင်တော်မူသော အဘဘုရားသခင်၏မေတ္တာတော်နှင့်ကျေးဇူးတော်သည် ကြီးမြတ်လှပါပေ၏။ ဟာလေလုယ။ အာမင်။

ခရစ္စမတ်အချိန်ခါ၌၊ လူ့ဇာတိခံယူတော်မူ၍ ဖွားမြင်လာခဲ့သော ဘုရားသခင်၏တစ်ပါးတည်းသော သားတော်ယေရှုခရစ်တော်ကို သင်၏ကယ်တင်ပိုင်ရှင်သခင်အဖြစ် ယုံကြည်လက်ခံခြင်းဖြင့် အပြစ်တရား၏အဖိုးအခဖြစ်သော သေခြင်းကိုကြောက်ရွံ့နေခြင်းအဖြစ်မှ ကယ်တင်လွတ်မြောက်ခွင့်နှင့် ထာဝရအသက်ကို ပိုင်ဆိုင်ရရှိနိုင်ပါကြောင်း ဤသတင်းကောင်းကို မေတ္တာဖြင့်ဝေငှလိုက်ပါသည်။

**အမှုတော်မြတ်၌၊ –လူငယ်အားမာန်**

# ယေရှုခရစ်တော်ကို မြင်နိုင်သောမျက်လုံး

~ Douglas ~

ကျမ်းစာက ယေရှုခရစ်တော်နဲ့ ပတ်သက်ပြီး ရေးထားပေမဲ့ ကျမ်းစာအများကြီး ဖတ်ပြီး အဲဒီအထဲမှာ ဖုံးကွယ်နေတဲ့ ဘုရားသခင်ရဲ့စိတ်ကို မသိဘူးဆိုရင် အခွံပိုင်းဘဲသိတာဖြစ်လို့ ဘာမျှ အဓိပ္ပါယ်ရှိမှာ မဟုတ်ဘူး။ ယေရှုခရစ်တော်ရဲ့ ခေတ်ကာလမှာ ဘုရားသခင်ရဲ့အလိုတော်နဲ့အညီ လူ့ဇာတိယူတင်ဝတ်ဆောင်ပြီး ဆင်းကြွလာတဲ့ ယေရှုခရစ်တော်က အနီးအနားမှာ ရောက်နေပေမဲ့ ကျမ်းစာကို တတ်ကျွမ်းတဲ့ ယုဒလူမျိုးတွေဟာ ယေရှုခရစ်တော်ကို မသိခဲ့ကြပါဘူး။ ဘာကြောင့်လဲ ဆိုတော့ သူတို့က ကျမ်းစာကို သိပေမဲ့ အဲဒီအထဲမှာ ကွယ်ဝှက်နေတဲ့ ယေရှုခရစ်တော်ကို ရှာဖွေ တွေ့ရှိခြင်း မရှိလို့ဖြစ်ပါတယ်။ ဓမ္မကျမ်းဟောင်းကတည်းက ရှိခဲ့တဲ့ ယေရှုခရစ်တော်ကို မြင်တတ်တဲ့မျက်စိရှိခဲ့မယ်ဆိုရင် သူတို့ထဲမှာအခုအလုပ်လုပ်နေတဲ့ ယေရှုခရစ်တော်နဲ့ တထပ်တည်းသော သူမှန်းသိပြီး၊ ရှာမာရိအမျိုးသမီးက**"ဤသူသည် မေရှိယပင်ဖြစ်သည်။"**လို့ပြောသလို ပြောနိုင်မှာ ဖြစ်ပါတယ်။ (ယော၊ ၄း၂၅)

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကျော်မှာ ယေရှုခရစ်တော် ဆင်းကြွလာခဲ့လို့ဘဲ ဒီနေ့မှာလည်း များသောအားဖြင့် လူတွေက မြင့်မြတ်ပြီးကြင်နာတတ်တဲ့ ယေရှုခရစ်တော်ရဲ့ပုံစံကိုအောက်မေ့ပြီး ယုံကြည်ခြင်းအသက်တာ တည်ဆောက်နေပါတယ်။ ဒါပေမဲ့ ပြဿနာက ယုံကြည်သူတွေ စိတ်ကူး ထားတဲ့ ယေရှုခရစ်တော်ရဲ့ပုံစံနဲ့ သမ္မာကျမ်းစာကဖော်ပြတဲ့ ယေရှုခရစ်တော်ရဲ့ပုံစံက ခြားနားနေ ပါတယ်။

"အကယ်၍ ယေရှုခရစ်တော်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော်ကလိုဘဲ ကယ်လီဖိုး နီးယားပြည်နယ်ကို ဆင်းကြွလာပြီး ဘုရားကျောင်းတစ်ခုထဲကို ဝင်ရောက်သွားမယ် ဆိုရင် အဲဒီ ဘုရားကျောင်းက သင်းအုပ်ဆရာနဲ့ အသင်းသူ အသင်းသားတွေက ယေရှုခရစ်တော်ကို အမှန် တကယ် သိနိုင်ပါ့မလား။" ဆိုတဲ့အရာ မကြာခဏ စိတ်ကူးကြည့်ဘူးပါတယ်။

တစ်ခါတရံ ကျွန်တော့်ကို ဘယ်အဖွဲ့အစည်းထဲမှာပါဝင်မလဲ။ ဘယ်ကျမ်းစာကောလိပ်က ဘွဲ့ရသလဲ။ ခင်ဗျားက အတိတ်က ဘယ်လို အသက်ရှင်ခဲ့သလဲ။" ဆိုပြီး မေးကြတဲ့သူတွေ ရှိခဲ့ဘူး ပါတယ်။ သူတို့က အပေါ်ယံအရာကလွဲပြီး အခြားပိုင်းခြားကြည့်တတ်တဲ့ မျက်လုံး မရှိတဲ့အတွက် ကြောင့် ဖြစ်ပါတယ်။



အကယ်၍၊ အဲဒီလိုမျိုး စံထားခြင်း အားဖြင့် ယေရှုခရစ်တော်ကို ကြည့်မယ်ဆိုရင်၊ ယခု ခေတ်ယုံကြည်သူတွေက ယေရှုခရစ်တော်ကို အစွန်းရောက်သောသူလို့ ကေန်အမှန် ပြောမှာဖြစ် ပါတယ်။ ယေရှုခရစ်တော်က ဘယ်အဖွဲ့အစည်းမှာမှမပါဝင်သလို၊ ဘယ်ကျမ်းစာကောလိပ်မှလည်း ဘွဲ့မယူခဲ့ပါဘူး။ ယေရှုခရစ်တော်က ဘုရားသခင်ထံတော်က ရောက်ရှိလာတဲ့သူ ဖြစ်တဲ့ အတွက် ကြောင့် ကယ်လီဖိုးနီးယားပြည်နယ်က ဘယ်ဘုရားကျောင်းဘဲသွားသွား ဘုရားသခင်ရဲ့ကျွန်အ နေနဲ့ နှုတ်ကပတ်တော်ကိုဘဲ ဟောပြောချင်မှာဖြစ်ပါတယ်။ အဲဒီအချိန် လူတွေကယေရှုခရစ်တော် ကိုမြင်တတ်တဲ့မျက်လုံး မရှိဘူးဆိုရင် ယေရှုခရစ်တော်ကို မောင်းထုတ်ကြမှာပါ။

ထပ်ပြောရမှာဆိုရင်၊ လူတွေက ဘယ်ကျမ်းစာကျောင်းထွက်လဲ၊ ဘယ်အဖွဲ့အစည်းမှာပါ ဝင်သလဲ။ ဘယ် Volunteer အဖွဲ့မှာ အလုပ်လုပ်သလဲဆိုတဲ့ အပေါ်ယံကိုကြည့်တတ်တဲ့ မျက်လုံး ကလွဲပြီး အခြားအရာကို မမြင်တတ်ဘူး ဆိုရင်၊ ယေရှုခရစ်တော်က ဒီခေတ်ထဲမှာ ကြွရောက်ရင် လည်း ငြင်းပယ်ကြမှာ ဖြစ်ပါတယ်။

ယနေ့၊ လူတွေက ကျမ်းစာထဲမှာ ဘယ်လိုဟောပြောသလဲ ဆိုတဲ့ အရာကို မစဉ်းစား ကြည့်ဘဲ၊ ကိုယ့်အကြံအစည်နဲ့ မကိုက်ညီဘူးဆိုရင် အစွန်းရောက်ပြီ ဆိုပြီး ဝေဖန်ကြပါတယ်။ ယေရှုခရစ်တော်ရဲ့ အပြင်ပန်း ပုံသဏ္ဍာန်ဖြစ်တဲ့ လက်နဲ့ နံရိုးမှာ လုံ့ချက်ဒါဏ်ရာ မတွေ့ရပေမဲ့ ယေရှုက ကျွန်တော်တို့ရဲ့ အပြစ်တွေကို ဆေးကြောပေးပြီး ကျွန်တော်တို့ရဲ့ စိတ်နှလုံးသား ထဲမှာ ကျိန်းဝပ်လမ်းပြပေးတဲ့အခါ ယေရှုခရစ်တော်ကို မြင်နိုင်မှာ ဖြစ်တယ်။

တဲတော်နဲ့ပတ်သက်ပြီး ကျမ်းစာဖတ်ကြည့်ရင်၊ အပေါ်ယံအားဖြင့် တဲတော်ထဲမှာ ဘာမျှ ပမာဏပြုစရာ ဘာအဆင်းမှ မရှိပါဘူး။ ကန္တာရထဲမှာရှိတဲ့ တဲတော်က ရှည်လျားပြီး၊ မြင့်တဲ့ အဖြူ ရောင်ပိတ်ချော နှစ်ရာ ကိုးဆယ့်ခုနစ်ပိဿာ သုံးဆယ်နဲ့ ပတ်လည်ကာရံထားပြီး ဘာမျှဆွဲဆောင် မှုမရှိသလိုမြင်ရပါတယ်။ ဒါပေမဲ့၊ တဲတော်အထဲက **ဟာဂျာဟာလုန်** လို့ခေါ်တဲ့ သန့်ရှင်းရာဌာနကို ဝင်သွားမယ်ဆိုရင် ရွှေစင်တွေနဲ့ဘဲ မွန်းမံထားတာ တွေ့ရပါတယ်။

ထွက်မြောက်ရာကျမ်း၊ ၃၈း၂၄ မှာ **"သန့်ရှင်းရာဌာနတော် ပြီးအောင်လုပ်၍ လုပ်သော ရွှေချိန်ပေါင်းကားအကျပ်တော်အတိုင်း အခွက်နှစ်ရာကိုးဆယ်ခုနစ်ပိဿာသုံးဆယ်ဖြစ်သတည်း။"** လို့ဖေါ်ပြထားပါတယ်။ ရွှေချိန်အခွက် ၂၉၀ နဲ့ ၇.၃၀ ပိဿာ ကို ကီလိုဂရင်နဲ့ တွက်ကြည့်ရင် – ရွှေတစ်ခွက်မှာ ၃၄.၇၁၇ ကီလိုဂရမ် ဆိုတော့ အလေးချိန် ကီလိုဂရမ် (၁၀၀၀) ၁တန်ကျော် ရှိပါ တယ်။ ငွေပမာဏတွက်နဲ့တွက် ကြည့်ရင် သန်းပေါင်း (၁၃၀၀၀) လောက် အဖိုးတန်တဲ့ ရွှေတွေက တဲတော်ထဲမှာ ရှိနေတာ ဖြစ်ပါတယ်။ အဲဒီလောက် အဖိုးတန်တဲ့ ရွှေကို အပေါ်ယံ ကြည့်တဲ့အခါ ဘာမှ ပမာဏပြုစရာမရှိတဲ့ ကုလားကာ ပိတ်အဝတ်နဲ့ဘဲ ကွယ်ကာထားပါတယ်။ ... ဒီအရာက တကယ်စစ်မှန်တဲ့ ယေရှုခရစ်တော်ရဲ့ပုံစံကို ဖော်ပြတာဖြစ်ပါတယ်။

လောကလူတွေက အတွင်းပိုင်းမှာ ဗလာနတ္တိ ဖြစ်နေတဲ့အတွက်ကြောင့် အပေါ်ယံအရာ ကိုဘဲ ဖြည့်ဆည်းဘို့ကြိုးစားပါတယ်။ ယေရှုခရစ်တော်က အပေါ်ယံအားဖြင့် လောကလူတွေဆီက ချီးမွမ်းခြင်း၊ အသိအမှတ်ပြုခြင်း ခံစရာဘာမျှမရှိပါဘူး။

တဲတော်က အပေါ်ယံအားဖြင့် ပမာဏပြုစရာမရှိပေမဲ့၊ အထဲကို ဝင်သွားကြည့်မယ်ဆိုရင် ငွေပမာဏ သန်းပေါင်း (၁၃၀၀၀) လောက်တန်ဖိုးရှိတဲ့ ရွှေတွေနဲ့ ပြည့်နေသလိုဘဲ ယေရှုခရစ်တော်

ရဲ့အပြင်ပန်းကို ကြည့်မယ်ဆိုရင် ဘာမှပမာဏပြုစရာ မရှိပေမဲ့ ယေရှုအထဲမှာ လောကရဲ့ဘယ်အရာနဲ့မှ လဲလို့မရနိုင်တဲ့ တန်ဘိုးရှိတဲ့အရာတွေ ရှိနေပါတယ်။ ယေရှုခရစ်တော်ရဲ့ မြင့်မြတ်ပြီးတန်ဖိုးရှိတဲ့ အရသာကို မခံစားဘူးတဲ့သူတွေက ယေရှုခရစ်တော်အတွက် ကိုယ့်ရဲ့နှပျိုတဲ့ဘဝ၊ ပိုင်ဆိုင်တဲ့အရာတွေကို ဆက်ကပ်ဖို့ လုပ်ပေမဲ့ ယေရှုခရစ်တော်ကြောင့် ညှင်းဆဲခြင်း၊ အခက်အခဲ၊ ဝေဒနာခံရတဲ့အခါ နှလုံးသားထဲမှာ ဝန်ထုပ်ဝန်ပိုးဘဲ ဖြစ်လာပါတယ်။

ဒါကြောင့်၊ ဟေရှာယအနာဂတ္တိကျမ်းက ယေရှုခရစ်တော်ကို မိတ်ဆက်တဲ့ အရာထဲမှာ ၊ ဟေရှာယအနာဂတ္တိကျမ်း၊ ၅၃း၂ အရ – – **"ထာဝရဘုရား၏ကျွန်သည် အညွန့်ကဲ့သို့၎င်း၊ သွေ့ခြောက်သော မြေ၌ ပေါက်သော အတတ်ကဲ့သို့၎င်း၊ ရှေတော်၌ ကြီးပွား၏။ ပမာဏ ပြုစရာ အဆင်းတင့်တယ်ခြင်း မရှိ။ ချစ်လိုဘွယ်သော မျက်နှာလက္ခဏာနှင့် မပြည့်စုံ။"** လို့ ဖေါ်ပြထားပါတယ်။

မြို့ထဲမှာ ယေရှုခရစ်တော်ရဲ့ပုံတော်ကို ပန်းချီဆွဲပြီး ရောင်းစားတဲ့သူတွေ အများကြီး ရှိပါတယ်။ အဲဒီပုံတွေကို ကြည့်ရင် ပုံတိုင်း နည်းနည်းစီ ကွာခြားတာ သိနိုင်ပါတယ်။ အဲဒီပုံတွေက ယေရှုခရစ်တော်ရဲ့ စစ်မှန်တဲ့ပုံ မဟုတ်ပါဘူး။ ပန်းချီဆရာတွေက ယေရှုခရစ်တော်ကို လွမ်းဆွတ်တဲ့စိတ်နဲ့ ဆွဲထားတဲပုံ ဖြစ်ပါတယ်။ ယေရှုခရစ်တော်ရဲ့ စစ်မှန်တဲ့ ပုံစံက ပုံထဲကလို သန့်သန့်ပြန့်ပြန့် ရုပ်ရည်ခန့်ညားတဲ့ပုံစံ မဟုတ်ကြောင်း ကျမ်းစာထဲမှာ ဖော်ပြနေပါတယ်။ အလွန်တန်ဖိုးရှိပြီး လှပတဲ့အရာက ခရစ်တော်ရဲ့အထဲမှာရှိတဲ့ စိတ်ဝိညာဉ်ကို ဆိုလိုတာ ဖြစ်ပါတယ်။

ယနေ့ခေတ်လူတွေက ယေရှုခရစ်ရဲ့ စစ်မှန်တဲ့ပုံစံ မဟုတ်ဘဲ ကိုယ့်သဘောကျတဲ့ ပုံစံကို စိတ်ကူးနဲ့ဆွဲထားပြီး၊ ယေရှုခရစ်တော် ဖြစ်တယ်ဆိုပြီး အစေခံနေကြပါတယ်။ သမ္မာကျမ်းစာ (၆၆) စောင်လုံးမှာ ယေရှုခရစ်တော်နဲ့ ပတ်သက်တဲ့ စကားလုံးအများကြီး ရေးသားထားပေမယ့် ယေရှုခရစ်တော်နဲ့ ပတ်သက်ပြီး လုံးဝရေးမထားတဲ့အရာက ယေရှုခရစ်တော်ရဲ့ အပြင်ပန်းသဏ္ဍာန်ဘဲ ဖြစ်ပါတယ်။ ယေရှုခရစ်တော်ရဲ့ အရပ်က ဘယ်လောက်ရှည်သလဲ၊ မျက်နှာက ဘယ်လိုပုံစံမျိုးလဲ၊ ဆံပင်က ဘယ်လိုလဲ ဆိုတဲ့ အရာတွေကို ရည်ညွှန်းပြောဆိုထားခြင်း မရှိပါဘူး။ သမ္မာကျမ်းစာက ယေရှုခရစ်တော်ကို ဖေါ်ပြတဲ့အခါ ယေရှုခရစ်တော်ရဲ့ အတွင်းပိုင်းဖြစ်တဲ့ စိတ်ဝိညာဉ်နဲ့ ပတ်သက်တဲ့အရာကိုဘဲ မိတ်ဆက်ချင်တာ ဖြစ်ပါတယ်။ ယေရှုခရစ်ရဲ့ အပြင်ပန်းသဏ္ဍာန်ကိုတော့ ဖော်ပြပေးချင်တဲ့အရာ မရှိမှန်း တွေ့နိုင်ပါတယ်။

ယနေ့လူတွေက ယေရှုခရစ်တော်ရဲ့ အတွင်းပိုင်းနဲ့ပတ်သက်ပြီး စိတ်မဝင်စားဘဲ၊ အပြင်ပန်းပုံသဏ္ဍာန်ကိုဘဲ စိတ်ဝင်းစားကြတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေက ဇာတိအရာထဲမှာ မွေ့လျော်ပြီး စိတ်ဝိညာဉ်နဲ့ ပတ်သက်တဲ့ အာရုံကြော ထုံသွားလို့ ဖြစ်ပါတယ်။

စိတ်ဝိညာဉ်ကို မမြင်တတ်တဲ့သူတွေက ယေရှု ခရစ်တော်ရဲ့ ပုံသဏ္ဍာန်ဆိုရင် ... ... ၊ လိမ္မာသောသူ၊ သစ္စာရှိသောသူ၊ သည်းခံစိတ်ရှိပြီး ချစ်ခြင်းမေတ္တာနဲ့ ပြည့်ဝသောသူ ဖြစ်မယ်လို့ အပြင်ပန်းသဏ္ဍာန် ကြည့်ပြီး သတ်မှတ်ထားကြပါတယ်။

တဲတော်ရဲ့အပေါ်ယံအားဖြင့်ဖုံးကွယ်နေတဲ့ ယေရှုခရစ်တော်ကို ရှာဖွေတွေ့ရှိ၍၊ ထိုအရာအားဖြင့် ကောင်းကြီးပြည့်ဝပြီး၊ ယုံကြည်ခြင်းရှိတဲ့ အသက်တာပြည့်ဝလာဘို့ မျှော်လင့်ပါတယ်။ ။





# Silent Night .. Holy Night

Silent Night, Holy night
All is calm, all is bright
Round yon virgin, mother and child
Holy infant so tender and mild
Sleep in heavenly peace … Sleep in heavenly peace.

Silent Night, Holy night
Shepherds quake at the sight
Glory streams from heaven afar
Heavenly host sing alleluia
Christ the Savior is born … Christ the Savior is born.

Silent Night, Holy night
Son of God, love's pure light
Radiant beams from Thy holy face,
With the dawn of redeeming grace,
Jesus, Lord, at thy birth … Jesus, Lord, at Thy birth.

# Peace on Earth



Let there be peace on earth
And let it begin with me.
Let there be peace on earth
The peace that was meant to be.

With God as our Father
Brothers all are we.
Let me walk with my brother
In perfect harmony.

Let peace begin with me … Let this be the moment now.

With every step I take
Let this be my solemn vow.
To take each moment and
live each moment with peace eternally.

Let there be peace on earth … And let it begin with me.